**Taw Win Kha Yay Network (SWiM)**

# ဝန်ထမ်းခေါ်ယူခြင်း
# (25/2024)

ရက်စွဲ။ ။ ၂၀၂၄ခုနှစ်၊ မေလ (၁၀) ရက်

| | |
|---|---|
| ခေါ်ယူသည့် ရာထူး | ငွေကိုင် (Cashier) |
| လိုအပ်သောဦးရေ | (၁) ဦး |
| အစီရင်ခံစာ တင်ရမည့်သူ | Finance Manager |
| တာဝန်ကျသည့်မြို့ | ရန်ကုန်အခြေစိုက် |
| စီမံချက်ကာလ | ၂၀၂၄ ခုနှစ်၊ မေလ မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ |

**<u>ကွန်ရက်၏ နောက်ခံသမိုင်းကြောင်း</u>**

တော်ဝင်ခရေကွန်ရက်သည် ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သော အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းတခုဖြစ်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်း လူမှုကွန်ရက်အဖွဲ့အစည်း တခုဖြစ်ပါသည်။

တော်ဝင်ခရေသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ လိင်လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေသော အမျိုးသမီးများနှင့် ကွန်ရက်ချိတ်ဆက်ထားပြီး ၎င်းတို့၏ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံ လူ့အခွင့်အရေးများ ရရှိရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ပျိုးပင်၏ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိဒေသ (၁၀) ခုမှ (Female Sex Workers - FSW) - ၃၅ ဦးတို့သည် "တော်ဝင်ခရေ " အမည်ဖြင့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ခြင်းကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ဒေသပေါင်း (၃၁) ဒေသရှိ (Female Sex Workers) များနှင့်အတူ တော်ဝင်ခရေ ကွန်ရက်၏ CC/EC များသည် ကွန်ရက်၏ လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသည်။

**<u>စီမံချက်၏ သဘောတရား</u>**

စီမံချက်အကောင်အထည်ဖော်သည့် ဧရိယာ အတွင်းရှိ HIV/AIDS & STI ကာကွယ်တားဆီးရေး လုပ်ငန်းတို့မှ ရရှိလာသော ရလဒ်များ၊ အချက်အလက်များအား စနစ်တကျစုဆောင်း၊ စိစစ်သိမ်းဆည်းခြင်း၊ စီမံချက်မှ သတ်မှတ်ပေးထားသည့် အတိုင်း အစီရင်ခံစာပေးပို့ခြင်း၊ စီမံချက်ရလဒ်များ အရည်အသွေး၊ အရည်အတွက်ပြည့်မှီစေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများအားဆောင်ရွက်ပေးနိုင်ရန်။

**<u>ငွေကိုင်၏ဝတ္တရားများ</u>**

ငွေကိုင်သည် တော်ဝင်ခရေ၏ စီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါ တာဝန်ဝတ္တရားများအား တာဝန်ယူလုပ်ဆောင်ရမည်။

- ဘဏ်ငွေသွင်း/ငွေထုတ် ကိစ္စရပ်များ စီစဥ် ဆောင်ရွက်ရန်။
- စီမံချက်ရံပုံငွေနှင့် ငွေလက်ကျန်များအား ထိန်းညှိလုပ်ဆောင်ခြင်း။
- ကွန်ရက်စီမံချက်များအားလုံး၏ နေ့စဥ် ငွေလက်ကျန်များ စစ်ဆေးခြင်း။
- ဘဏ္ဍာရေး မန်နေဂျာ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ စီမံချက်များ၏ အသုံးစရိတ်များအား ထုတ်ပေးခြင်း။
- ကွန်ရက်၏ ပင်မရန်ပုံငွေနှင့် စီမံချက်များအလိုက် ဝင်ငွေ/ထွက်ငွေများအား စာရင်းပြုစုပြီး စာရင်းသွင်းခြင်း။
- စီမံချက်အလိုက် ဘဏ္ဍာရေးအရာရှိများနှင့် ချိတ်ဆက်၍ ကြိုတင်ငွေထုတ်ပေးခြင်း/ပြန်လည် ရှင်းလင်းလာသည့်အခါတွင် စာရင်းသွင်းခြင်း။
- ကွန်ရက်၏ဘဏ်စာအုပ်များ၊ ချက်လက်မှတ်များ သိမ်းဆည်းပေးခြင်းနှင့် ဘဏ်စာရင်းများအား ပုံမှန် စစ်ဆေးခြင်း။
- ဘဏ္ဍာရေးမန်နေဂျာမှ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်အရ တက်ကြွစွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ရမည်။

**အရည်အချင်းများ**

- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (သို့) LCCI Level 3 အောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာ MS Office (Word, Excel & PowerPoint) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ငွေစာရင်းအား တိကျစွာ စီမံကိုင်တွယ် အသုံးပြုနိုင်ရမည်။
- ငွေကြေးနှင့် ပတ်သက်သည့် နာမည်ကောင်း ရှိသူဖြစ်ရမည်။
- FSW ဖြစ်ပါက ပညာအရည်အချင်းအား လျှော့ပေါ့ စဥ်းစားမည်။
- ကွန်ရက်မှ ချမှတ်ထားသော စည်းမျဥ်း၊ စည်းကမ်းများကို တိကျစွာ လိုက်နာနိုင်သူဖြစ်ရမည်။

**ပေးပို့လျှောက်ထားရမည့်လိပ်စာ**

**အမှတ် (၃၀/က)၊ ပါရမီလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။**

**E-Mail : HR@swimnetwork.org**

**လျှောက်လွှာပိတ်ရက်။ ။ <u>၂၀၂၄ ခုနှစ်၊ မေလ (၁၇) ရက်။</u>**

**အလုပ်လျှောက်ထားသူသည် အလုပ်လျှောက်လွှာနှင့်အတူ ပတ်စပို့ ဓာတ်ပုံ (၁) ပုံ၊ ထောက်ခံပေးမည့်သူ (၂) ဦး၏ အမည်၊ ရာထူး၊ ဖုန်းနံပါတ်များနှင့်တကွ E-Mail မှတဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်။ Interview Short List တွင် ပါဝင်သူများကိုသာ ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။**